ဒုတိယအကြိမ်မြောက် ကျန်းမာရေးနှင့်ညီညွတ်ပြီး
ဘေးအန္တရာယ်ကင်းရှင်းသော စားသောက်ကုန်များဆီသို့ ဆွေးနွေးပွဲ
ဖွင့်ပွဲအခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး
ပြောကြားခဲ့သည့် အဖွင့်မိန့်ခွန်း
(Final Draft)

ကုန်သည်စက်မှုအသင်းချုပ်၊ ရန်ကုန်မြို့ အောက်တိုဘာလ(၅)ရက်

- မင်္ဂလာပါ။
- ယနေ့အခမ်းအနားကို ကြွရောက်လာကြသော ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့မှ တာဝန်ရှိသူများ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီအတွင်းရေးမှူးနှင့်အဖွဲ့၊ မြန်မာနိုင်ငံ စားသောက်ကုန် ထုတ်လုပ်တင်ပို့ ရောင်းချသူများအသင်းဥက္ကဋ္ဌ၊ ပြည်ထောင်စုမြန်မာ နိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၊ မြန်မာစားသုံးသူများသမဂ္ဂ၊ အစာအာဟာရဆိုင်ရာ သိပ္ပံနှင့်နည်းပညာ အသင်းနှင့် စားသောက်ကုန်ဆိုင်ရာ အသင်းအဖွဲ့များမှ တာဝန်ရှိ သူများ၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ အစားသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန နှင့် စက်မှုဝန်ကြီးဌာနတို့မှ တာဝန်ရှိပုဂ္ဂိုလ်များအားလုံး မင်္ဂလာပါ။

- ကျွန်တော့်အနေနဲ့ ယနေ့ကျင်းပပြုလုပ်သော ဒုတိယအကြိမ်မြောက် ကျန်းမာရေးနှင့်ညီညွတ်ပြီး ဘေးအန္တရာယ်ကင်းရှင်းသော စားသောက်ကုန်များဆီသို့ ဆွေးနွေးပွဲမှာ အဖွင့်အမှာစကား ပြောကြားရတာကို အလွန်ဂုဏ်ယူဝမ်းမြောက်ပါတယ်။
- စားသောက်ကုန်တွေဟာ လမ်းပေါ်မှာရှိတဲ့လူကနေ နိုင်ငံတော်အကြီးအကဲတွေအထိ နေ့စဉ်စားသောက်နေရတာ ဖြစ်တဲ့အတွက် Healthy and wholesome food ဖြစ်ရန်အတွက်က အလွန်အရေးကြီးပါတယ်။
- ကျန်းမာရေးနှင့်ညီညွတ်ပြီး ဘေးအန္တရာယ်ကင်းရှင်းသော စားသောက်ကုန်များ ရရှိစားသုံးနိုင်ရေးသည် လူတိုင်းနှင့်သက်ဆိုင်ပြီး တစ်ပြည်လုံး ကျန်းမာရေးနှင့်ပတ်သက်သောကိစ္စဖြစ်၍ ယနေ့ကျင်းပသော ဆွေးနွေးပွဲသည် အလွန်အရေးကြီးပါတယ်။
- ဒီနေ့အစည်းအဝေးကို လာတက်တဲ့သူတွေရဲ့ ဆွေးနွေးချက်များသည် တစ်တိုင်းပြည်လုံးမှာရှိတဲ့ ပြည်သူများရဲ့ ကျန်းမာရေးအတွက်လည်း အလွန်ပင် အရေးကြီးတာဖြစ်ပါတယ်။
- ဒီနေ့ပွဲမှာ ကျွန်တော့်အနေဖြင့် အုပ်ချုပ်မှုအပိုင်းနှင့် ကျန်းမာရေးအပိုင်းဆိုပြီး (၂)ပိုင်း ခွဲပြောကြားသွားမှာ ဖြစ်ပါတယ်။

- စားသောက်ကုန်တွေကို ဥပဒေနှင့်အညီ ထုတ်လုပ်နိုင်ရေးသတ်မှတ်ရန် ဆောင်ရွက်နိုင်ဖို့ဆိုရင် စံလုပ်ထုံးလုပ်နည်းများ (Standard operating procedures)၊ လမ်းညွှန်များ (Guidelines)နဲ့ ကျန်းမာရေးနှင့် သက်ဆိုင်တဲ့အချက်တွေ ပါရမှာဖြစ်ပါတယ်။
- အဲဒါတွေကို ရဖို့လုပ်မယ်ဆိုရင် အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန (FDA)အနေဖြင့် ဦးဆောင်လျက်ရှိပြီး ဆက်လက်ပြီး ပံ့ပိုးပေးသွားမှာ ဖြစ်ပါတယ်။ အဲဒါတွေကို ရေးဆွဲတဲ့အခါ ကြန့်ကြာမှုမရှိစေဘဲ FDA အနေဖြင့် အဖြစ်နိုင်ဆုံး၊ အမြန်ဆုံးဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။
- ဒီကိစ္စတွေ လုပ်တဲ့အခါမှာ မြန်လေကောင်းလေ ဖြစ်ပါတယ်။ တစ်ရက်မြန်ရင် တစ်ရက် ပြည်သူတွေ တစ်ရက် အန္တရာယ်မရှိတဲ့ စားသောက်ကုန်တွေ စားသောက်နိုင်မှာ ဖြစ်ပါတယ်။
- နောက်တစ်ခုက စားသောက်ကုန်တွေကို ပြည်ပသို့ တင်ပို့တဲ့ကိစ္စရပ်တွေမှာလည်း FDA နှင့် သက်ဆိုင်တဲ့အပိုင်းတွေမှာ အမြန်ဆုံးဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။
- ဒါတွေနှောင့်နှေးနေမယ်ဆိုရင် ထုတ်လုပ်သူ၊ ရောင်းချသူ၊ စားသုံးသူ အားလုံး နစ်နာမှာဖြစ်ပါတယ်၊ တိုင်းပြည်ရဲ့ စီးပွားရေးကိုလည်း ထိခိုက်နိုင်ပါတယ်။

- ဒီဆောင်ရွက်မှုလုပ်ငန်းကြီးတစ်ခုလုံး မြန်လေကောင်းလေ ဖြစ်ပါတယ်။ ဒါမှသာ ပြည်သူများအတွက် ကျန်းမာရေးအတွက်ရော စီးပွားရေးအတွက်ပါ အကျိုးရှိမှာ ဖြစ်ပါတယ်။
- လုပ်ငန်းတွေ ဆောင်ရွက်တဲ့အခါ FDA ကြောင့် နှောင့်နှေးတာ၊ FDA က ကန့်လန့် (stumbling block) ဖြစ်နေတာမျိုး မရှိစေရပါဘူး။
- အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန (FDA)မှ အစားအသောက်များ ထုတ်လုပ်တင်သွင်း ရောင်းချခြင်းများနှင့်ပတ်သက်၍ လုပ်ငန်းထောက်ခံချက်များ ရရှိရေးအတွက် စည်းမျဉ်းစည်းကမ်းများနှင့်အညီ လျင်မြန်စွာဖြင့် ပံ့ပိုးဆောင်ရွက်နိုင်ရန် လုပ်ထုံးလုပ်နည်းများကိုလည်း သုံးသပ်ပြင်ဆင်လျက်ရှိပါတယ်။
- စားသောက်ကုန်များ၏ ထုတ်လုပ်သည့်နေ့စွဲ၊ သက်တမ်းကုန်ဆုံးမည့်နေ့စွဲ၊ ပါဝင်သောပစ္စည်းများ၊ ထုပ်လုပ်သူ (သို့မဟုတ်) ထုတ်လုပ်သည့် စက်ရုံ၏ လိပ်စာ စသည့်အချက်များ၊ စားသုံးသူတွေ သိသင့်သိထိုက်သည့်အချက်များကို စားသောက်ကုန်တိုင်းမှာ ထင်ရှားစွာ ထည့်သွင်းဖော်ပြဖို့ကိုလည်း လုပ်ဆောင်နေပါတယ်။ အဲဒါကိုလည်း ပြည်သူများ၊ ထုတ်လုပ်ရောင်းချသူ များအားလုံးသိရှိအောင် FDA ရဲ့ website မှာ မြန်မာဘာသာ၊ အင်္ဂလိပ်ဘာသာတို့ဖြင့် ဖော်ပြမှာ ဖြစ်ပါတယ်။

- လမ်းဘေးစားသောက်ဆိုင်များ၊ street food vendors များ ရောင်းချနေသော အစားအသောက်များ ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် လက်ကမ်းစာစောင်များ (pamphlets) ကို ရိုက်နှိပ်လျက်ရှိပါတယ်။
- ဒီpamphlets များပြီးစီးရင် တိုင်းဒေသကြီးနှင့်ပြည်နယ် အစိုးရအဖွဲ့များကိုပေးပါမယ်။ အဲဒီကနေ မြို့တော်စည်ပင်သာယာရေးကော်မတီများမှတစ်ဆင့် street food vendors ကို ပေးသွားမှာဖြစ်ပါတယ်။
- ဒီ pamphlets တွေမှာ အစားသောက်ရောင်းချသူများအနေဖြင့် အစားအသောက်များအား စနစ်တကျ ပြင်ဆင်ချက်ပြုတ်ရာတွင် လိုက်နာရမည့်အချက်တွေ၊ ဘယ်လိုပုံစံနဲ့လုပ်ရမယ်၊ ရှောင်ကြဉ်ရမည့် အချက်တွေ၊ အစားအသောက်မှတစ်ဆင့် ကူးစက်ဖြစ်ပွားနိုင်သော ရောဂါတွေ စတာတွေ အကုန်ပါဝင်ပါမယ်။
- အသေးစား၊ အလတ်စားစားသောက်ကုန်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဘေးအန္တရာယ်ကင်းသော စားသောက်ကုန်များ ထုတ်လုပ်ရေးအတွက်ကိုလည်း ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲ (Health Literacy Promotion Unit) က ကျန်းမာရေးအသိပညာမြှင့်တင်ရေးလုပ်ငန်းတွေ လုပ်နေပါတယ်။

- ဒီကိစ္စမှာ အရေးကြီးတာက မြို့နေပြည်သူများသာမက တောနေပြည်သူများကပါ စားသောက်ကုန်တွေနှင့်ပတ်သက်ပြီး ကျန်းမာရေးအသိပညာတွေရှိဖို့ လိုပါမယ်။
- ဝန်ကြီးဌာနကနေ ဒီလထဲမှာ သားဖွားဆရာမများ၊ ပြည်သူ့ကျန်းမာရေးကြီးကြပ် (၁)၊ (၂)နှင့် ကျန်းမာရေးမှူးတွေကို မိုဘိုင်းတက်ဘလက်ဖုန်း (၁၂,၀၀၀)လုံးခန့် စတင်ဖြန့်ဝေပေးပါမယ်။ မကြာခင်ကာလအတွင်းမှာ နောက်ထပ် (၁၄,၀၀၀)လုံး ထပ်ဝယ်တော့မှာဖြစ်ပါတယ်။
- ဒီမိုဘိုင်းတက်ဘလက်ဖုန်းတွေမှာ ဝန်ကြီးဌာနကထုတ်တဲ့ ကျန်းမာရေးဆိုင်ရာစံပြုအချက်အလက်များ (Standardized Health Messages)၊ ပြည်သူ့ကျန်းမာရေးဆိုင်ရာလမ်းညွှန်စာအုပ်များ၊ လမ်းညွှန်ချက်များ၊ စံလုပ်ထုံးလုပ်နည်းများ စတာတွေကို ထည့်သွင်းထားပါတယ်။
- ဆိုလိုတာက (၂၀,၀၀၀) ဦးလောက်ရှိတဲ့ အခြေခံကျန်းမာရေးဝန်ထမ်းတွေက ပြည်သူတွေနဲ့တွေ့တဲ့အခါမှာ ဒီမိုဘိုင်းတက်ဘလက်ဖုန်းထဲက အချက်အလက်တွေကို ပြောပြမယ်။ ဘာတွေတော့စားရမယ်၊ ဘာတွေတော့ ရှောင်ရမယ် စတာတွေပြောပြမယ်။
- ဒီလိုလုပ်ခြင်းအားဖြင့် ပြည်သူများအနေနဲ့ အစားအသောက်နှင့်ပတ်သက်သော ကျန်းမာရေးအသိပညာတွေ တိုးလာမယ်၊ အရည်အသွေးမပြည့်မီသော၊ ဘေးဖြစ်စေနိုင်သော၊ အစားအသောက်နှင့်

ဆေးဝါးကွပ်ကဲရေးဦးစီးဌာနတွင် မှတ်ပုံတင်ထားခြင်းမရှိသော စားသောက်ကုန်များကို ဝယ်ယူစားသုံးခြင်းမှ ရှောင်ကြဉ်လာကြပါမယ်။

- ထို့အတူ စားသုံးသူများက ဝယ်ယူစားသုံးခြင်းမပြုပါက ထုတ်လုပ်၊ တင်သွင်း၊ ရောင်းချသူများကလည်း အဆိုပါ စားသောက်ကုန်များကို ထုတ်လုပ်ခြင်း၊ တင်သွင်းခြင်း၊ ရောင်းချခြင်းတွေ ပြုလုပ်တော့မှာ မဟုတ်ပါဘူး။
- ဒီစားသောက်ကုန်ကို ပြည်သူတွေက မစားသုံးသင့်ဘူး အန္တရာယ်ရှိတယ်လို့သိရင် မစားတော့ဘူး။ ရောင်းတဲ့သူကလည်း သူ့စားသောက်ကုန်ကို ပြည်သူတွေကမစားဘူး၊ မဝယ်ဘူးဆိုရင် မထုတ်တော့ပါဘူး၊ မရောင်းတော့ပါဘူး။ Demand နဲ့ Supply ရဲ့ နိယာမပါ။ Demand မရှိရင် Supply မရှိတော့ပါဘူး။
- နောက်တစ်ခုက ပြည်ပက အရည်အသွေးမပြည့်ဝသော စားသောက်ကုန်များ တင်သွင်းရောင်းချခြင်းကိစ္စမှာ ပြည်သူတွေက စားသောက်ကုန်နဲ့ ပတ်သက်တဲ့ ကျန်းမာရေးဗဟုသုတကြွယ်ဝနေရင် နိုင်ငံခြားက တင်သွင်းတဲ့ စားသောက်ကုန်တွေမှာ expiry date မပါဘူးဆိုရင် လည်းကောင်း၊ ဘာတွေပါတယ်၊ ဘာပစ္စည်းတွေသုံးပြီးထုတ်တယ် စတာတွေမပါဘူးဆိုရင်၊ ရေးထားတာတွေက နားမလည်တဲ့ ဖတ်မရ

တဲ့ဘာသာတွေနဲ့ ရေးထားမယ်ဆိုရင် အဲဒီစားသောက်ကုန်ကို မဝယ်တော့ဘူး၊ မစားတော့ဘူး။ ဒါဆိုရင် တင်သွင်း သူတွေ၊ ရောင်းချသူတွေကလည်း မတင်သွင်းတော့ဘူး၊ မရောင်းချတော့ပါဘူး။

- Demand မရှိရင် Supply က အလိုလိုကျသွားမယ်၊ Demand က ကျန်းမာရေးနဲ့ညီညွတ်တဲ့ စားသောက်ကုန်တွေဖြစ်ရမယ်။ ဒါတွေကို လုပ်ဖို့ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနတစ်ခုတည်းက လုပ်လို့ မရပါဘူး။ ဒီနေ့အခမ်းအနားကို တက်ရောက်လာကြတဲ့ အဖွဲ့အစည်းအားလုံး ဝိုင်းလုပ်မှရပါမယ်။
- ယခုအချိန်မှစပြီး ဒီကျန်းမာရေးနှင့်ညီညွတ်ပြီး ဘေးအန္တရာယ်ကင်းရှင်းသော စားသောက်ကုန်များ ရရှိစားသုံးနိုင်ရေးကိစ္စရပ်ကို ပထမဦးစားပေး လုပ်ငန်းတစ်ရပ်အနေဖြင့် မဆောင်ရွက်ရင် နောင် (၄)နှစ် (၅)နှစ်ကနေ ရေရှည်မှာ မြောက်များစွာသော ကျန်းမာရေးပြဿနာများကို ပြည်သူများ ရင်ဆိုင်ရမှာဖြစ်ပါတယ်။
- ဒီစားသောက်ကုန်တွေ တင်သွင်းရောင်းချတဲ့နေရာမှာလည်း FDA နဲ့ သက်ဆိုင်တဲ့ကိစ္စရပ်တွေမှာ FDA ကနေပြီးတော့ ပံ့ပိုးလုပ်ပေးမှာဖြစ်ပါတယ်။ အကောင်းဆုံးလုပ်ပေးပါမယ်။ Rules and Regulations နဲ့တော့အညီ ဖြစ်အောင်လုပ်ပါမယ်။

- နောက်ပြီးတော့ စားသောက်ကုန်တွေနဲ့ပတ်သက်ပြီး မှန်ကန်တဲ့ သတင်း အချက်အလက်များကိစ္စကို ဆွေးနွေးမယ်လို့သိရပါတယ်။ ဒီလိုဆွေးနွေးဖို့ FDA ကနေပြီး စံ လုပ်ထုံးလုပ်နည်းများ၊ လုပ်ငန်း လမ်းညွှန်များ (SOP, Guidelines)ကို အကုန်ပြန်လည်သုံးသပ်နေ ပါတယ်။ FDA website ကို လည်း ပိုကောင်းအောင်ပြင်နေပါတယ်။ အသုံးပြုရလွယ်အောင်၊ consumer friendly ဖြစ်အောင် မြန်မာ၊ အင်္ဂလိပ်ဘာသာတွေနဲ့ ဖော်ပြနိုင်အောင် လုပ်နေပါတယ်။
- နောက်တစ်ချက်က အခုအစည်းအဝေးမှာပါဝင်တဲ့ အစီအစဉ်တွေ၊ ဆွေးနွေးမယ့် အကြောင်းအရာတွေဟာ အလွန်အရေးကြီး၊ အရေး ပါတဲ့ အကြောင်းအရာတွေဖြစ်ကြောင်း တွေ့ရပါတယ်။ အဲ့ဒီလို ဆွေးနွေးတဲ့အခါမှာလည်း အချိန်က တစ်ရက်ပဲရတဲ့အတွက် ပြတ်ပြတ်သားသား၊ တိတိကျကျ ဆွေးနွေးစေလိုပါတယ်။ ဒါမှသာ ရရှိတဲ့အချိန်တိုအတွင်းမှာ အကျိုးရှိသော သဘောတူညီမှု အမြင်များ ရရှိမှာဖြစ်ပါတယ်။
- ဒီနေ့အစည်းအဝေးရဲ့ အစည်းအဝေးမှတ်တမ်းကလည်း အလွန် အရေးကြီးပါတယ်။ ခြုံငုံဆွေးနွေးချက်တွေကို ထပ်ပြီးသပ်သပ် အဖွဲ့ငယ်တွေဖွဲ့ပြီး ထပ်ဆွေးနွေးရပါမယ်။

- ဆိုလိုတာက အခုအစည်းအဝေးမှာ overall အချက်များကို ဆွေးနွေးပြီး agenda မှာပါတဲ့ sub-agenda တွေကို group တွေနဲ့ workshop လုပ်ပြီး သပ်သပ်ထပ်မံဆွေးနွေးစေလိုပါတယ်၊ agenda တစ်ခုမှာပါတဲ့ကိစ္စကို လူ (၁၀)ယောက် (၁၅)ယောက်လောက် ထပ်ဆွေးနွေး၊ နောက် agenda အတွက် နောက်ထပ် (၁၀)ယောက် (၁၅)ယောက်ဆွေးနွေး၊ ပြီးတော့မှ အဲဒီဆွေးနွေးချက်တွေကို စုစည်းပြီး တတိယအကြိမ်မြောက် အစည်းအဝေးကြီးလုပ်ပြီး finalize လုပ် confirm လုပ်၊ အဲဒီလိုလုပ်သွားရမှာ ဖြစ်ပါတယ်။
- ဆွေးနွေးကြတဲ့အခါမှာ အကောင်းမြင်ဝါဒ (positive perspective)၊ တိုးတက်စေလိုသောအမြင် (constructive criticism) နဲ့လုပ်ပါ။ မကောင်းသောရည်ရွယ်ချက် (ulterior motive)နဲ့ လူတစ်ယောက်၊ အဖွဲ့အစည်းတစ်ကို ပုံရိပ်ထိခိုက်စေလိုသော၊ ဒုက္ခရောက်သွားစေလိုသော ရည်ရွယ်ချက်နဲ့ မလုပ်သင့်ပါဘူး။
- အဲဒီလို သက်ဆိုင်ရာအဖွဲ့အစည်းတွေက ဆွေးနွေးမှုတွေ၊ workshop တွေမှာ FDA က ပညာရှင်တွေကို ဖိတ်ကြားပါ။
- ထပ်မံအလေးအနက်ထား ပြောကြားလိုတာကတော့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေဖြင့် ပြည်သူများ ကျန်းမာရေးနှင့် ညီညွတ်ပြီး ဘေးအန္တရာယ်ကင်းရှင်းသော စားသောက်ကုန်များ ရရှိ

စားသုံးနိုင်ရေးကိစ္စကို အထူးကိစ္စရပ်တစ်ခုအနေဖြင့် ဆောင်ရွက်လျက်ရှိပါတယ်။

- အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန (FDA)ကိုလည်း ဝန်ထမ်းအင်အားဖြည့်ဆည်းခြင်းနှင့် ခွင့်ပြုရရှိသော ဘဏ္ဍာငွေဖြင့် ပစ္စည်းကိရိယာများဝယ်ယူခြင်းများ ပြုလုပ်အားဖြည့်လျက်ရှိပါတယ်။
- ဓာတ်ခွဲစမ်းသပ်စစ်ဆေးမှု စက်ပစ္စည်းများ တပ်ဆင်ထားသောရွှေ့လျားဓာတ်ခွဲခန်းကားများ (mobile lab van) (၁၄)စီး ထပ်မံဝယ်ယူထားပြီး ရောက်ရှိနေပြီဖြစ်ပါတယ်။
- ဒီ mobile lab van တွေနဲ့ တိုင်းဒေသကြီး/ပြည်နယ်များမှာ ပြည်သူများ ဘေးအန္တရာယ်ကင်းရှင်းသော အစားအသောက်၊ ဆေးဝါး၊ အလှကုန်များ စားသုံးနိုင်ရန်အတွက် အစားအသောက်၊ ဆေးဝါးနှင့် အလှကုန်ပစ္စည်းများကို ပိုမိုကျယ်ကျယ်ပြန့်ပြန့် ကွင်းဆင်းစစ်ဆေးသွားမှာ ဖြစ်ပါတယ်။
- စားသောက်ကုန်တွေ ဘေးအန္တရာယ်ကင်းရှင်းရေးနဲ့ ပတ်သက်တဲ့ လုပ်ငန်း ဆောင်ရွက်ချက်တွေက လာမယ့်နှစ်တွေမှာ ပိုမိုပီပြင်လာမှာ ဖြစ်ပါတယ်။ ဒီလိုပီပြင်အောင်မြင်ဖို့ကိုတော့ FDA တစ်ခုတည်းနဲ့ မဟုတ်ဘဲ နှီးနွယ်အဖွဲ့အစည်း၊ အသင်းများ အားလုံးဝိုင်း လုပ်ရမှာ ဖြစ်ပါတယ်။

- Consumer Association ကလည်း အရေးကြီးပါတယ်။ အမေရိကန်နိုင်ငံလိုမျိုးမှာဆိုရင် Consumer Associates က ဘယ်စားသောက်ကုန်၊ ဘယ်လူသုံးကုန်ပစ္စည်းများကို သုံးသပ်ချက်တွေပါတဲ့ (Consumer Reports) စာအုပ် တစ်လတစ်ခါထုတ်ပါတယ်။ ကျွန်တော်တို့ဆီမှာလည်း Consumer Association ကနေ ဒီလိုစာအုပ်မျိုး၊ မဂ္ဂဇင်းမျိုး ဒီစားသောက်ကုန်ကတော့ ဘယ်လောက်ကောင်းတယ်၊ သိပ်မကောင်းဘူး အစရှိတဲ့ သုံးသပ်ပေးတဲ့ မဂ္ဂဇင်းမျိုး ထုတ်ဖို့ တိုက်တွန်းလိုပါတယ်။ ဒီလိုစာအုပ်မျိုးကို ပြည်သူတွေက ဖတ်လိုက်ရင် အစားအသောက်နဲ့ပတ်သက်ပြီး အသိပညာ၊ ဗဟုသုတကြွယ်ဝလာမယ်ဆိုရင် မဟုတ်တဲ့၊ မကောင်းတဲ့၊ substandard၊ unwholesome food တွေကို မစားဘူးဆိုရင် ထုတ်လုပ်တဲ့သူတွေ၊ တင်သွင်းတဲ့သူတွေကလည်း မကောင်းတဲ့ စားသောက်ကုန်တွေ မထုတ်၊ မတင်သွင်းတော့ဘဲ ကောင်းတဲ့စားသောက်ကုန်တွေကိုပဲ တင်သွင်းတော့မှာ ဖြစ်ပါတယ်။
- ဒီနေ့ဆွေးနွေးတဲ့အခါမှာလည်း ဆန်းသစ်သော တွေးခေါ်မှု၊ စဉ်းစားမှုများကို မြန်မာပြည်အခြေအနေနဲ့ လိုက်လျောညီထွေစွာ စဉ်းစားဖို့ လိုပါတယ်၊ Innovative thinking, out-of-the-box thinking in the context of Myanmar situation၊ မြန်မာနိုင်ငံပြည်သူတွေရဲ့

ကျန်းမာရေးအသိပညာ အဆင့်အတန်း၊ နိုင်ငံရဲ့စီးပွားရေးအခြေအနေ တို့အပေါ်မူတည်ပြီး အမှန်တကယ် ကိုက်ညီမည့်၊ အမှန်တကယ် လုပ်ဆောင်နိုင်မည့်လုပ်ငန်းများ ချမှတ်သွားရမှာဖြစ်ပါတယ်။

- အမေရိကန်နိုင်ငံကဲ့သို့ နိုင်ငံမှာအသားတွေ၊ စားသောက်ကုန်တွေမှာ USDA (United States Department of Agriculture) Approved ဆိုတဲ့တံဆိပ်ကို ကပ်ထားတယ်။ ဒီတံဆိပ်ကပ်ထားတဲ့ စားသောက်ကုန်တွေက ကျန်တံဆိပ်မကပ်ထားတွေထက် ဈေးနည်းနည်း တော့ကြီးမယ်၊ သို့သော် ဒီတံဆိပ်ပါရင် ဒီစားသောက်ကုန်က လုံးဝ စိတ်ချစားသုံးလို့ရပါတယ်။
- ဒီမှာလည်းနောက်ကို ဥပမာ- ဘေးအန္တရာယ်ကင်းတဲ့ စာသုံးဆီတွေမှာ Myanmar FDA Approved ဆိုပြီး တံဆိပ်ကပ်ပါမယ်။ ဝယ်တဲ့ သူတွေကလည်း ဒီဆီတွေကို စိတ်ချစွာ ဝယ်စားနိုင်မှာဖြစ်ပါတယ်။
- ဒီလိုလုပ်ဖို့ကတော့ FDA တစ်ခုတည်းနဲ့မရဘူး၊ အားလုံးဝိုင်းလုပ်ရမယ်။ FDA မှာ ဓာတ်ခွဲခန်းရှိသလို၊ ဒီအစည်းအဝေးတက်လာတဲ့ အဖွဲ့တွေမှာလည်း ဓာတ်ခွဲခန်းတွေရှိပါတယ်။ အဲဒီဓာတ်ခွဲခန်းတွေက ချိတ်ဆက်ပြီး လုပ်ရမှာဖြစ်ပါတယ်။ အစိုးရနဲ့ ပုဂ္ဂလိကပေါင်းပြီး လုပ်မှရပါမယ်။

- ဒီနေ့ဆွေးနွေးပွဲမှာ FDA ကို အကြံပြုချင်တာတွေကိုလည်း ထည့်သွင်းဆွေးနွေးပါ။ အစည်းအဝေး output တွေကိုလည်း prioritize ဦးစားပေးအလိုက် ရေးပေးပါ။ ဝန်ကြီးဌာနအနေနဲ့ အကြံပြုချက်တွေ၊ output တွေကို အလေးထားဆောင်ရွက်ပါမယ်။
- FDA ကလည်း လက်ရှိဆောင်ရွက်နေမှုအခြေအနေ၊ လုပ်ငန်းစဉ်များ အကုန် ဘက်စုံ holistic review လုပ်သွားမှာဖြစ်ပါတယ်။
- ခုဒုတိယပိုင်းအနေနဲ့ health perspective အနေနဲ့ အရေးကြီးတာတွေ ဆက်ပြောပါမယ်။
- ခုဆွေးနွေးပွဲမှာ ပြည်သူများကျန်းမာရေးနှင့်ညီညွတ်ပြီး ဘေးအန္တရာယ်ကင်းသော စားသောက်ကုန်များစားသုံးနိုင်ဖို့ healthy and wholesome food ဖြစ်ဖို့ ဆွေးနွေးကြမှာဖြစ်ပါတယ်။
- ပြည်သူများအနေဖြင့် healthy and wholesome food ကိုစားသုံးခြင်းဖြင့် ကျန်းမာကြမယ်။ Population health ကောင်းလာမယ်ဆိုရင် ဆေးကုစရာမလိုတော့ဘူး။ ဆေးကုစရာမလိုတဲ့အတွက် ဆေးကုရမည့်ပိုက်ဆံကို တခြားနေရာမှာသုံးလို့ရမယ်။ ဒါ့အပြင် ပြည်သူများရဲ့ လုပ်ငန်းလုပ်နိုင်မှု (productivity) ကလည်း တက်လာမှာဖြစ်ပါတယ်။

- ရေပိုက်ခေါင်းနဲ့ ရေပိုက်ခေါင်းကကျတဲ့ရေနဲ့ တင်စားပြောရမယ်ဆိုရင် ရေပိုက်ခေါင်းကနေ ရေကနေနှစ်မျိုးပါမယ်။ ကျန်းမာတဲ့ပြည်သူနဲ့ မကျန်းမာတဲ့ပြည်သူဆိုပြီး နှစ်မျိုးရှိမယ်။ မကျန်းမာတဲ့ပြည်သူတွေကို ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက ဆရာဝန်တွေ၊ သူနာပြု တွေနဲ့ ဝန်ထမ်းတွေက ကုသပေးမယ်။ သို့သော် ဝန်ကြီးဌာနရဲ့ အဓိက တာဝန်က အဲလို ရေပိုက်ခေါင်းကနေ ကျတဲ့အခါ healthy population များပဲ ကျလာဖို့။ အဲလိုဖြစ်ဖို့ကို ပြည်သူ့ကျန်းမာရေး (public health) ကို လုပ်ရမယ်။
- လူတွေမှာကြည့်မယ်ဆိုရင် ရောဂါမျိုးစုံဝင်ရောက်ဖို့ ပြင်ပလောကနဲ့ အဓိက ဆက်သွယ်နေတဲ့ ပါးစပ်၊ နှာခေါင်းနှင့် အရေပြားတို့က အဓိက ဝင်ပေါက်များဖြစ်တယ်။ အဲဒီထဲကမှ ပါးစပ်ဝင်ပေါက်ဟာ ကျန်းမာရေး အပေါ် အဓိက အလွှမ်းမိုးဆုံး major determinant ဖြစ်တဲ့ အစား အသောက်များ စားသုံးခြင်းပဲဖြစ်ပါတယ်။ အဲ့လိုစားသုံးတဲ့ အစား အသောက်များမှာ ရောဂါပိုးမွှားများနှင့် ဘေးအန္တရာယ်ဖြစ်စေနိုင် သော ဓာတုဗေဒပစ္စည်းများပါဝင်ပါက ပါးစပ်မှတစ်ဆင့် အလွယ် တကူဝင်ရောက်ပြီး ရောဂါဖြစ်ပွားစေနိုင်တယ်။

- အန္တရာယ်မကင်းသော စားသောက်ကုန်များကို စားသောက်ရာမှ တစ်ဆင့် ချက်ချင်းသော်လည်းကောင်း၊ အချိန်ကာလအတိုင်းအတာ တစ်ခုတွင်လည်းကောင်း ရောဂါများဖြစ်ပွားနိုင်ပါတယ်။
- ကျန်တဲ့ environmental factors, genetic factors စတာတွေ ရှိသော်လည်း ဒီအစားအသောက်ဟာ လူတစ်ယောက်ရဲ့ကျန်းမာခြင်း၊ မကျန်းမာခြင်းကို အဓိက အဆုံးအဖြတ်ပေးနိုင်တဲ့ major determinant ပဲ ဖြစ်ပါတယ်။
- မသန့်ရှင်းသောဆီ၊ ဆိုးဆေးနှင့် ဘေးအန္တရာယ်မကင်းသော အခြားဓာတုဗေဒပစ္စည်းများပါဝင်သော အစားအသောက်များမှတစ်ဆင့် ကင်ဆာရောဂါအမျိုးမျိုး၊ အသည်းရောဂါများ ဖြစ်ပွားစေနိုင်တယ်။
- ကုန်ကြမ်းပစ္စည်းဖြစ်တဲ့ မြေပဲကို သေချာမသိမ်းဘူး၊ မှိုတွေတက်မယ်၊ အဲဒီမြေပဲကို ကြိတ်ထားတဲ့ဆီတွေကို စားမိမယ်၊ ဆီထဲမှာ aflatoxin လို့ခေါ်တဲ့ အသည်းကင်ဆာဖြစ်စေတဲ့ မှိုတွေပါသွားပါမယ်။
- စက်မှုလုပ်ငန်းသုံးဆိုးဆေး၊ အရောင်တင်ဆေးတွေကို စားသောက်ကုန်ထဲမှာ ထည့်ကြမယ်ဆိုရင် အသည်းကင်ဆာတွေ၊ ဆီးအိမ်ကင်ဆာတွေဖြစ်ပါမယ်။
- နောက် အလွန်ပြင်းသော ပိုးသတ်ဆေး (insecticides) ကို ဆန်ကအစ အပင်တွေ အသီးအနှံတွေမှာ လှိုင်လှိုင်သုံးကြတယ်။ စားသောက်

ကုန်တွေမှာ parasites တွေ bacteria တွေပါမယ်။ အကုန်လုံးက ရောဂါဖြစ်စေနိုင်ပါတယ်။

- နောက်တစ်ချက်က အစားအသောက်တိုင်းမှာ လက်ခံနိုင်တဲ့၊ လက်ခံထားတဲ့ normal value တွေရှိပါတယ်။ သကြားဘယ်လောက်ပါရမယ်၊ fat ဘယ်လောက်ပါရမယ် အစရှိသဖြင့် ဖြစ်ပါတယ်။ Protein ဘယ်လောက်ပါရမယ်၊ အဲဒါတွေက သိပ်များရင်လည်း မကောင်းဘူး၊ သိပ်နည်းလွန်းရင်လည်း မကောင်းပါဘူး။
- အခုစျေးကွက်ထဲမှာ အချို့ရည်တွေမျိုးစုံရှိတယ်၊ ဒီအချို့ရည်ထုတ်လုပ်သူတွေကို ပညာပေးမယ်၊ ပေါင်းပြီးလုပ်မယ်၊ သကြားဓာတ် လျှော့ထည့်ခိုင်းရမယ်။ ကျွဲရိုင်းအချို့ရည်မျိုးဆို ပိတ်သင့်ရင် ပိတ်ရမယ်။ ဒီလိုတခြားနိုင်ငံက ဝင်လာတဲ့ အချို့ရည်တွေကို ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက ပိတ်လို့မရပါဘူး။ Custom နဲ့ border trade ကမှ လုပ်လို့ရပါမယ်။
- ဒီသကြားဓာတ်အများကြီးပါတဲ့ အချို့ရည်တွေကြောင့် ပြည်သူတွေမှာ သွေးချို/ ဆီးချိုရောဂါတွေ အများကြီးဖြစ်နေပါတယ်။
- နောက်တစ်ခုက nitrosamine, nitride၊ ယမ်းစိမ်းတွေ၊ ဝက်အူချောင်း၊ ကြက်အူချောင်းတွေမှာ ပါတတ်တယ်။ အဲဒါတွေက ကင်ဆာဖြစ်စေ

ပါတယ်။ အခုဆိုရင် အစာအိမ်ကင်ဆာ၊ အူမကြီးကင်ဆာ၊ စတာတွေ တော်တော်များများ ဖြစ်နေပါတယ်။

- အကင်ဆိုင်တွေမှာ အဲဒီအကင်တွေကထွက်လာတဲ့ မီးခိုးတွေကလည်း ရောင်းချသူ၊ စားသုံးသူတွေအတွက် အလွန်အန္တရာယ်ကြီးပါတယ်။ အဆုတ်ကင်ဆာ အစရှိသဖြင့် ဖြစ်ပါမယ်။
- အထူးသဖြင့် နေ့စဉ်စားသုံးနေတဲ့ဆီက နှလုံးနှင့်သွေးကြော ကျန်းမာရေးပြဿနာကို အဓိက ပေးပါတယ်။
- ကျွန်တော်တို့ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက ကျန်းမာရေး အသိပညာပေးရပါမယ်။ ဆီလျှော့စားဖို့ကို ပညာပေးရမယ်။ ဆီအများကြီးစားလို့ အသက်ငယ်ငယ်နဲ့ နှလုံးသွေးကြောကျဉ်း ရောဂါတွေ ဖြစ်နေပါတယ်။ ရန်ကုန်ပြည်သူ့ဆေးရုံကြီးမှာဆိုရင်လည်း ဒီလို လူနာတွေ အများကြီးရှိပါတယ်။
- ထပ်မံပြောကြားလိုတာကတော့ ဝန်ကြီးဌာနအနေနဲ့ အခြေခံကျန်းမာရေးဝန်ထမ်းတွေကို မိုဘိုင်းတက်ဘလက်ဖုန်းတွေ ပေးတော့မယ်။ ဒီတက်ဘလက် ဖုန်းတွေသုံးပြီးတော့ ကျန်းမာရေးအသိပညာပေးတာတွေလုပ်သွားမှာ ဖြစ်ပါတယ်။ ကုသရေးဘက်က ဆရာဝန်တွေကိုလည်း စံကုထုံးတွေ၊ လမ်းညွှန်တွေ၊ ဆေးပညာစာအုပ်တွေပါဝင်တဲ့ မိုဘိုင်းတက်ဘလက်ဖုန်းတွေ ပေးသွားမှာဖြစ်ပါတယ်။ ဝန်ကြီးဌာန

အနေနဲ့ ဒီတက်ဘလက်ဖုန်းတွေကိုသုံးပြီး continuing medical education, continuing professional development တွေ လုပ်သွားမှာဖြစ်ပါတယ်။

- ဝန်ထမ်းတွေအကုန် training တွေခေါ်ပေးဖို့ဆိုတာ အကုန်အကျ အရမ်းများပါတယ်။ ခုကျွန်တော်တို့က နောင်လာမယ့်နှစ်များမှာ ဒီမိုဘိုင်းတက်ဘလက်ဖုန်းတွေကို အသုံးပြုပြီး ဒီလိုသင်ကြား လေ့ကျင့်တာတွေ လုပ်ဆောင်သွားမှာ ဖြစ်ပါတယ်။
- နောက်တစ်ချက်က ဒီစားသောက်ကုန်တွေကို ကြည့်မယ်ဆိုရင် Production side နဲ့ consumer side ဆိုပြီးရှိပါတယ်။
- ထုတ်လုပ်သူ production side ကနေ အရည်သွေးပြည့်ဝသော ကုန်ကြမ်းပစ္စည်းများကို အသုံးပြုခြင်း၊ Good manufacturing practice, Good storage practice, Good transportation practice တို့နဲ့ ဆောင်ရွက် ရမှာဖြစ်ပါတယ်။
- စားသုံးသူ consumer side ကို အသိပညာကြွယ်ဝအောင် လုပ်ရမယ်။ ဒါကိုတော့ ကျွန်တော်တို့ ဝိုင်းလုပ်ရပါမယ်။
- နောက်တစ်ပိုင်းကတော့ အခုဆွေးနွေးပွဲမှာ ဆွေးနွေးမည့် ဥပဒေ၊ နည်းဥပဒေ၊ guidelines, SOPs တွေ။

- ဒီ (၃)ခုကို ပေါင်းစပ်ပြီး ကျန်းမာရေးနှင့်ညီညွတ်၍ ဘေးအန္တရာယ်ကင်းတဲ့ စားသောက်ကုန်တွေရရှိရန် လုပ်ရမှာဖြစ်ပါတယ်။
- နိုင်ငံတကာမှာဆိုရင် substandard စားသောက်ကုန်တွေ ရောင်းလို့ကိုမရဘူး၊ တင်သွင်းလို့ကိုမရဘူး။ ကျွန်တော်တို့နိုင်ငံမှာတော့ အဲလောက်အထိ မရောက်နိုင်သေးပါဘူး၊ တဖြည်းဖြည်းလုပ်သွားရမှာ ဖြစ်ပါတယ်။
- အဲလိုတွေရဖို့၊ ဖြစ်ဖို့က FDA တင်မကဘူး၊ စက်မှုလုပ်ငန်းရှင်များ၊ စားသုံးသူရေးရာအသင်းများ အစရှိသဖြင့် အကုန်လုံးပေါင်းလုပ်ရပါမယ်။ အခုလိုမျိုး ဆွေးနွေးပွဲတွေက ဒီလောက်မကြီးရင်တောင်မှ (၃)လတစ်ခါလောက်တော့ informal ပုံစံအနေဖြင့် လုပ်စေချင်ပါတယ်။ FDA ကလည်း တက်ရောက်ပါမယ်။ Sharing of experience, sharing of idea ပါ။ ဒီထဲမှာပဲ နိုင်ငံခြားကို အခေါက်ခေါက်ရောက်ဖူးသူတွေ အများကြီးရှိပါတယ်။ နိုင်ငံတကာက တွေ့လာတာတွေကို မြန်မာပြည်မှာ လုပ်လို့ရတာတွေ လုပ်ရပါမယ်။
- MoHS တစ်ခုတည်း လုပ်လို့မရပါဘူး၊ Multi sectoral, consumer association, CBO, CSO, local NGOs, food industry တွေအကုန်လုံး ဒီကိစ္စအတွက် ဝိုင်ပြီးလုပ်မှရပါမယ်။ အလွန်ကြီးမားသော

domain ကြီးဖြစ်ပါတယ်။ သူ့ subcategory အလိုက် လုပ်သွားရပါမယ်။

- ပြန်ပြီးချုပ်ရမယ်ဆိုရင် ကျန်းမာရေးနှင့်ညီညွတ်သော အစားအသောက်၊ ကျန်းမာရေးနှင့်ညီညွတ်သော စားသောက်သော အလေ့အကျင့်နှင့်ဆိုင်ရာ ကျန်းမာရေးအသိပညာ ဒါတွေကို တက်လာအောင် လုပ်ရပါမယ်။ နောက်တစ်ချက်က industry တွေကလည်း good quality raw materials တွေသုံးပြီး good manufacturing practice, good storage practice, good transportation practice၊ good distribution practice နဲ့ လုပ်စေချင်ပါတယ်။ နောက်တစ်ချက်လည်း လက်လီ၊ လက်ကား (wholesaler, retailer) ရောင်းချသူတွေကလည်း ကျန်းမာရေးနဲ့ညီညွတ်သော ပစ္စည်းများကိုသာ သွင်းပါ၊ ရောင်းပါ။ ဒီနေရာမှာတော့ custom department က အလွန်အရေးကြီးပါတယ်။
- စာသင်ကျောင်းများတွင်လည်း ကျောင်းမုန့်ဈေးတန်းမှ စားသောက်ကုန်များ ဘေးအန္တရာယ်ကင်းရှင်းစေရေးအတွက် ဆရာ၊ ဆရာမများ၊ မိဘများနှင့်ပူးပေါင်း၍ အလေးထား ဆောင်ရွက်လျက်ရှိပါတယ်။
- (၉.၅)သန်းဦးလောက်ရှိတဲ့ ကျောင်းသား/ ကျောင်းသူတွေမှာ အစားအသောက်နဲ့ပတ်သက်တဲ့ ကျန်းမာရေးအသိပညာတွေ ရှိမယ်ဆိုရင်

သူတို့အိမ်က မိဘတွေ၊ ဆွေမျိုးတွေ၊ မိတ်ဆွေတွေကို တဆင့်ပြန်ပြီး ကျန်းမာရေးအသိပညာတွေ မျှဝေနိုင်မယ်။

- Consumer Association ကလည်း FDAက ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်တွေနဲ့ (၁)လ (၁) ခါလောက်တွေ့ပါ။ သူတို့က အမြဲလက်တွဲ လုပ်ရပါမယ်။
- နောက်ကိုတော့ တဖြည်းဖြည်းနဲ့ FDA Approved စားသောက်ကုန်တွေ၊ FDA Approved Restaurant တွေဖြစ်လာဖို့လုပ်ရမယ်။
- Street food vendors တွေကို လိုင်စင်ပေးဖို့က ခုတော့မဖြစ်နိုင်သေးပါဘူး၊ နောက်ကိုတော့ တဖြည်းဖြည်းလုပ်ရပါမယ်။
- ဒါတွေကိုလုပ်ဖို့က ကျွန်တော်တို့မှာ မဟာဗျူဟာ၊ နည်းဗျူဟာတွေ ရှိပါတယ်။ အဲဒါတွေထဲကမှ အဖြစ်နိုင်ဆုံး၊ အသင့်တော်ဆုံး၊ အမှန်တကယ်လုပ်ဆောင်နိုင်မည့် နည်းလမ်းတွေကို အသုံးပြုပြီး ဆောင်ရွက်သွားရပါမယ်။
- လုပ်ရမည့်အလုပ်တွေက အလွန်များပါတယ်။ အားလုံးပေါင်းလုပ်မှပဲ ရမယ်။ Food နဲ့ပတ်သက်ပြီး တစ်ခုခုဖြစ်ရင် FDA ကိုပဲ ပုံမချပါနဲ့။ အကုန်လုံးမှာ တာဝန်ရှိတယ်ဆိုတဲ့ notion လေး၊ ခံယူချက်လေး ရှိစေချင်ပါတယ်။

- ဥပဒေ၊ စည်းမျဉ်းစည်းကမ်းနှင့်မကိုက်ညီတဲ့ စားသောက်ကုန်ထုတ်လုပ်တင်သွင်း ရောင်းချသူတွေကို အရေးယူဖို့ကိစ္စကိုလည်း သူတို့လည်း ဒုက္ခမရောက်အောင် ဘယ်လိုလုပ်သင့်တယ်ဆိုတာကို positive perspective ကနေ ဆွေးနွေးပြီး အကြံပြုစေလိုပါတယ်။
- ဒီ food chain တစ်ခုလုံးမှာပါဝင်နေတဲ့ industrialists, local food processors, whole saler, importers, traders, local market, vendors တွေအားလုံးသိဖို့က အစားအသောက်သည်လူတစ်ဦး ကျန်းမာသည်၊ မကျန်းမာသည်ကို အဓိက အဆုံးအဖြတ်ပေးနိုင်တယ် ဆိုတဲ့အချက်ပါပဲ။
- စားသောက်ကုန်များနှင့်ပတ်သက်သော ဥပဒေများ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများကို၊ ထုတ်လုပ်သူ၊ တင်သွင်းသူ၊ ရောင်းချသူများနှင့် ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့်နှင့် အလွယ်တကူ သိရှိနိုင်စေရန်အတွက် အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၏ website တွင် ဖော်ပြပေးသွားမှာ ဖြစ်ပါတယ်။
- စားသောက်ကုန်များ ထုတ်လုပ်သူ၊ တင်သွင်းသူ၊ ရောင်းချသူများ အနေဖြင့်လည်း လူ့ကျင့်ဝတ်စည်းကမ်းများကို လိုက်နာ၍ ကောင်းမွန်သော၊ အရည်အသွေးပြည့်ဝသော စားသောက်ကုန်ကြိမ်းပစ္စည်းများ

ကို အသုံးပြု၍ စနစ်တကျ ထုတ်လုပ်၊ သိုလှောင်၊ ဖြန့်ဖြူး၊ ရောင်းချ ကြစေလိုပါတယ်။

- ယနေ့ဆွေးနွေးပွဲတွင် ပြည်သူများ ကျန်းမာရေးနှင့်ညီညွတ်ပြီး ဘေးအန္တရာယ်ကင်းရှင်းသော စားသောက်ကုန်များရရှိ စားသုံးနိုင် ရေးနှင့်ပတ်သက်၍ မြန်မာနိုင်ငံ၏ အခြေအနေနှင့်ကိုက်ညီသည့် လုပ်ဆောင်ရမည့်အချက်များနှင့် အကြံပြုချက်များရရှိရန် ပွင့်လင်းစွာ ဖြင့် ဆွေးနွေးသွားကြစေလိုပါတယ်။
- ယနေ့ဆွေးနွေးပွဲမှရရှိလာမည့် အကြံပြုချက်များကို ဝန်ကြီးဌာန အနေဖြင့် အထူးအလေးထား ဆောင်ရွက်သွားမည်ဖြစ်ပါတယ်။
- ဤကိစ္စများနှင့်ပတ်သက်၍ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေး ဦးစီးဌာန (FDA)တစ်ခုတည်း လုပ်ဆောင်၍မရဘဲ နှီးနွှယ်ဌာန ဆိုင်ရာများနှင့် ယခုတက်ရောက်လျက်ရှိသာ အသင်းအဖွဲ့များ၊ လုပ်ငန်းရှင်များအားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်မှသာ အောင်မြင်မှု ရရှိနိုင်မှာဖြစ်ကြောင်းကို ထပ်လောင်းပြောကြားရင်း နိဂုံးချုပ် ပါတယ်။
- ကျေးဇူးတင်ပါတယ်။